## CLI လ - Soundtrack (အသံသွင်းတိပ်ခွေ)

Austin ISD မိသားစုများနှင့် ပြုစုစောင့်ရှောက်သူများသည် ကျောင်းသားများ၏ စာသင်ခန်းအတွေ့အကြုံများကို ပျော်ရွှင်စွာ အိမ်သို့ ယူဆောင်လာနိုင်ပြီး ပြောဆိုမှုများ နက်နဲစေရန်နှင့် သင်ယူမှုကို မြှင့်တင်ရန် နည်းလမ်းများ လုပ်ဆောင်နိုင်ပါသည်။ တီထွင်ဖန်တီးမှု သင်ကြားရေး ဗျူဟာတစ်ခုကို အနီးကပ် ကြည့်ရအောင်။ **Soundtrack**

စာသင်ခန်းများတွင် အကြောင်းအရာအသစ်တစ်ခုဖြင့် ကျောင်းသားများကို အာရုံစိုက်စေရန်နှင့် ၎င်းတို့ သင်ယူခဲ့ရသည့်အရာနှင့် ပတ်သက်၍ ဆင်ခြင်စဉ်းစားရန် **Soundtrack** ကို အသုံးပြုနိုင်ပါသည်။ ဤပုံစံတွင် ဇာတ်ကောင် သို့မဟုတ် သမိုင်းဝင်ပုဂ္ဂိုလ်နှင့် တေးဂီတကို ချိတ်ဆက်ရန် Soundtrack ကို အသုံးပြုပါမည်။

**ဦးတည်ချက်များ**

- စိတ်ကူးယဉ်ဇာတ်ကောင်တစ်ကောင် သို့မဟုတ် သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ပါ။ သင့်ကလေး ကျောင်း၌ သင်ယူနေရသည့် တစ်စုံတစ်ယောက် ဖြစ်နိုင်သော်လည်း ဖြစ်စရာမလိုပါ။ **Soundtrack** ကို မည်သည့်ဇာတ်ကောင် သို့မဟုတ် လူပုဂ္ဂိုလ်ဖြင့်မဆို အသုံးပြုနိုင်သည်။
- ရွေးချယ်ပြီးနောက် တေးဂီတနှစ်ပုဒ် ဖွင့်ပါ။
  - တူရိယာ သီချင်းများ ကြိုးစားရွေးချယ်ပါ။ (စကားလုံး မပါသော သီချင်းများ) သို့မှသာ သီချင်းစာသား၏ စာသားအဓိပ္ပာယ်ကိုအစား စိတ်ခံစားမှုများနှင့် အသံအတိမ်အနက်ကို စူးစမ်းလေ့လာနိုင်ပါမည်။ စတင်ရန် အကြံပြုချက်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။
    - Violin Concerto No. 2
    - "Sumarè"
    - Twin Elms
    - Nurture
- တေးဂီတကို အတူတူ နားထောင်ပါ။ ကြားရသည့်အရာ၊ တေးဂီတက ၎င်းကို မည်သို့ခံစားရစေကြောင်းနှင့် တေးဂီတသည် မည်သည်ကို စဉ်းစားစေကြောင်း သင့်ကလေးကို ထုတ်ပြောခိုင်းပါ။
- တေးဂီတသည် စိတ်ကူးယဉ်ဇာတ်ကောင် သို့မဟုတ် သမိုင်းဝင်လူပုဂ္ဂိုလ်နှင့် မည်သို့ ချိတ်ဆက်ကြောင်းကို သင့်ကလေးကို မျှဝေခိုင်းပါ။ စကားပြောဆိုမှု စတင်ရမည့် မေးခွန်းအနည်းငယ်မှာ အောက်ပါအတိုင်းဖြစ်သည်။
  - မည်သည့်သီချင်းသည် ဇာတ်ကောင်ကို ပိုကောင်းစွာ ဖော်ပြသနည်း၊ အဘယ်ကြောင့်နည်း။
  - ဤသီချင်းများ၏ မည်သည့်အပိုင်းသည် ဇာတ်ကောင်ကို အကောင်းဆုံး ဖော်ပြသနည်း။

    - သီချင်းများသည် ဇာတ်ကောင်နှင့်ပတ်သက်၍ မည်သည့်အမှာစကားများဖြင့် ဆက်သွယ်ပြောဆိုသနည်း။
    - ဤသီချင်းများတွင် ဇာတ်ကောင်အကြောင်း မည်သည့်အရာ မပါဝင်သနည်း။
    - သီချင်း၏ မည်သည့်အခြားအပိုင်းသည် ဇာတ်ကောင်ကို ပို၍ကောင်းအောင် ကိုယ်စားပြုနိုင်သနည်း။

**တိုးချဲ့ လုပ်ဆောင်မှု**
ဇာတ်ကောင် သို့မဟုတ် သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦးကို ကိုယ်စားပြုရန် သီချင်းများ ရွေးပြီးနောက် သင်နှင့် သင်၏ကလေးသည် သင်တို့ကိုယ်သင်တို့ ကိုယ်စားပြုသည့် **Soundtracks** များကို ရွေး၍ ဤလုပ်ဆောင်ချက်ကို နောက်ထပ်စူးစမ်းလေ့လာနိုင်ပါသည်။ အဆင့်များမှ အောက်ပါအတိုင်းဖြစ်သည်။

- လူတိုင်းသည် တစ်ဦးချင်း၏ အကြိုက်ဆုံးသီချင်း နှစ်ပုဒ်ကို ခွဲခြားဖော်ထုတ်ပါ။
- တစ်ဦးချင်းအတွက် အဆိုပါသီချင်းများ၏ အပိုင်းများကို ဖွင့်ပါ။ သင်ကြားရသည့်အရာ၊ တေးဂီတက သင့်ကို မည်သို့ခံစားရစေကြောင်းနှင့် တေးဂီတသည် သင့်အတွက် မည်သည်ကို စဉ်းစားစေကြောင်း ထုတ်ဖော်ပြောပါ။
- သီချင်းတစ်ပုဒ်စီကို အဘယ်ကြောင့် ရွေးချယ်ခဲ့ရသည်ကို ဆွေးနွေးပါ။ သီချင်းများက မည်သို့ကိုယ်စားပြုသည်ကို မျှဝေနိုင်ပါသည်။
    - သင်နှင့်ပတ်သက်သည့် အရေးကြီးသော အရာတစ်ခုခု
    - သင်နှင့်ပတ်သက်၍ အခြားသူများကို သင်သိစေချင်သည့် အရာ
    - ထိုအချိန်၌ သင်ခံစားရသည့်ပုံစံ
    - သင်မည်သူဖြစ်ဖို့ ကြိုးစားနေကြောင်း
- ဆန္ဒရှိလျှင် သင်နှင့် သင့်ကလေးသည် သင့်ဘဝ၏ အစိတ်အပိုင်းများစွာကို ကိုယ်စားပြုသည့် **Soundtrack** အပြည့်ကို ဖန်တီးရန် နောက်ထပ်သီချင်းများဖြင့် ဤလုပ်ငန်းစဉ်ကို အသုံးပြုနိုင်ပါသည်။